(မူကြမ်း)

၅- ၂-၂၀၁၉

# ငါးမွေးမြူရေးဆိုင်ရာဥပဒေ

( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ )

၁၃၈၀ ခုနှစ်၊ လ ရက်

၂၀၁၉ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ငါးမွေးမြူရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်။

(ခ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်းပါဝင်သည်။

(ဂ) **ငါးမွေးမြူခြင်း** ဆိုသည်မှာ သဘာဝရေထုအတွင်းတွင်ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင်ဖြစ်စေ၊ မွေးမြူခြင်းနည်းစနစ်အမျိုးမျိုးဖြင့် ငါးမျိုးပွားများစေခြင်း၊ ငါးသားပေါက်စုဆောင်းခြင်း၊ ငါးများကိုအဆင့်ဆင့်ကြီးပြင်းအောင် မွေးမြူထုတ်လုပ်ခြင်းကို ဆိုသည်။

(ဃ) **ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ရေအစဉ်အမြဲတည်ရှိသည်ဖြစ်စေ၊ ရေယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စားပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင် တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်သမုဒ္ဒရာနှင့် လိပ်များဥချသည့် သဲသောင်များလည်းပါဝင်သည်။

(င) **ငါးမွေးမြူရေးရေပြင်** ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေအရသတ်မှတ်ထားသော ငါးမွေးမြူခြင်းလုပ်ငန်းတစ်ခုခုဆောင်ရွက်နေသည့် ရေပြင် သို့မဟုတ် သီးသန့်ငါးမွေးမြူရေးရေပြင် သို့မဟုတ် အငှားချထားသည့် ငါးမွေးမြူရေး ရေပြင်ကို ဆိုသည်။

(စ) **သီးသန့်ငါးမွေးမြူရေးရေပြင်** ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ငါးမျိုးစိုက်ထည့်၍မွေးမြူထားပြီး ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ဦးစီးဌာနက ငါးမွေးမြူခြင်းလုပ်ငန်းကို စည်းကမ်းချက်များဖြင့် ကန့်သတ်၍လုပ်ကိုင်ခွင့်ပြုသော ဤဥပဒေအရသီးခြားသတ်မှတ်ထားသည့်ငါးမွေးမြူရေးရေပြင်ကိုဆိုသည်။

(ဆ) **အငှားချထားသည့်ငါးမွေးမြူရေးရေပြင်** ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း သတ်မှတ်ထားသည့်စည်းကမ်းချက်များဖြင့် ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်၍ အငှားဂရန်ဖြင့်ချထားသည့် ငါးမွေးမြူရေး ရေပြင်ကိုဆိုသည်။

(ဇ) **ငါးမွေးမြူရေးမြေ** ဆိုသည်မှာ ငါးမွေးမြူရေးနည်းစနစ်တစ်မျိုးမျိုးဖြင့် ငါးမွေးမြူရန်အလို့ငှာ မြေအမျိုးအစားအလိုက် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ငါးမွေးမြူရန် ခွင့်ပြုချက်ရရှိထားသည့်မြေတွင် ဤဥပဒေအရ သီးသန့်သတ်မှတ်ထားသည့်မြေကိုဆိုသည်။

(ဈ) **အငှားဂရန်** ဆိုသည်မှာ ဝန်ကြီးဌာနကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ သို့မဟုတ် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ဤဥပဒေနှင့်အညီ ငါးမွေးမြူရန် အငှားဂရန်ချထားခြင်းကို ဆိုသည်။

(ည) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန်သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူးက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်၊

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတို့ကို ဆိုသည်။

(ဎ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူးအဖြစ်တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊

(ခ) ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ငါးများ၏ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီး အရေးယူနိုင်ရန်၊

(င) ငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(စ) ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း(၃)
## ငါးမွေးမြူရေးမြေ နှင့် ငါးမွေးမြူရေးရေပြင်များ

၄။ ဝန်ကြီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ မြေနှင့် ရေပြင်များကို ဤဥပဒေနှင့်အညီ ငါးမွေးမြူရေးမြေများနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် စီမံခန့်ခွဲနိုင်သည် -

(က) ပုဒ်မ ၅ အရ ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ခ) သီးသန့်ငါးမွေးမြူရေးရေပြင်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုပိုင် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊ ပုဂ္ဂိုလ်တစ်ဦးဦးပိုင်သော ပုဂ္ဂလိက ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်။

၅။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကိုဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် သတ်မှတ်နိုင်သည် -

(က) ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပြီး ငါးမွေးမြူနိုင်သည့် မြေနှင့် ရေပြင်များ၊

(ခ) ဦးစီးဌာနပိုင်အဖြစ် အမည်ပေါက်လျက်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ဂ) ဝန်ကြီးဌာနကစီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းမရှိသည့်အပြင် ပုဂ္ဂိုလ်တစ်ဦးဦးအား အငှားဂရန် သို့မဟုတ် အငှားချထားပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ၊ ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ။

## အခန်း(၄)

## ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး

၆။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အလို့ငှာ -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာဆန်းစစ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးတို့အတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ပြုရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် ချမှတ်ထားသောမူဝါဒများနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ရေတွင်ပေါက်ပွားသောအပင်များ၊ ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များ၊ ငါးမျိုးပေါက်ဖွားရာနေရာများ၊ သန္တာကျောက်တန်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ဇီဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ငါးမွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး လိုအပ်သောအစီအစဉ်များချမှတ် ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနကစီမံခန့်ခွဲသည့် ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် အရည်အသွေးကောင်းမွန်သောရေနှင့် ပတ်ဝန်းကျင်တည်ရှိရန်စီမံဆောင်ရွက်ရမည်။

(ဂ) ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် ငါးရောဂါများဝင်ရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်သည့်အစီအမံများနှင့် ငါးရောဂါထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

(ဃ) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် သုတေသနပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ငါးသယံဇာတအရင်းအမြစ် ရှာဖွေမှတ်တမ်းတင်ခြင်း၊ သင်တန်းများပို့ချခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကဆွေးနွေးမှုထူထောင်ခြင်းတို့ကိုပြုလုပ်ရမည်။

(င) သုတေသနတွေ့ရှိချက်များကို ငါးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ၊ ငါးလုပ်ငန်းရှင်များနှင့် အများပြည်သူသို့ သင့်လျော်ရာနည်းဖြင့်ဖြန့်ဖြူး၍ အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ငါးမျိုးများ၊ ငါးဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးစေ့များ၊ ငါးသားပေါက်များပြန့်ပွားစေရန် ငါးပေါက်ဖွားရာနေရာများ၊ ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ယင်းတို့၏ဇီဝဂေဟစနစ်များ၊ ပင်လယ်မြက်ခင်းများနှင့် သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ အခြားကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈။ ဦးစီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသောတာဝန်များကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၅)
## အငှားဂရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉။ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ ဝန်ကြီးဌာနကစီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များတွင် ငါးမွေးမြူလိုသူသည် အငှားဂရန်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် ပုဒ်မ ၉ အရ အငှားဂရန် လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့်ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူရန်လျှောက်ထားသူအား တစ်ကြိမ်လျှင် နှစ် ၅၀ ထက်မပိုသောကာလအတွက် စည်းကမ်းချက်များသတ်မှတ်၍ အငှားဂရန် ချပေးနိုင်သည်။

၁၁။ ပုဒ်မ ၁၀ အရ အငှားဂရန်ရရှိသူသည်-

(က) ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာ၏ ၅၀ ရာခိုင်နှုန်းတွင် အငှားဂရန်ရရှိသည့် နေ့ရက်မှ သုံးနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး သက်တမ်းငါးနှစ် ကြာမြင့်သည့်အခါ ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာအားလုံးတွင် ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်။

(ခ) အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာ၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ပုဒ်မခွဲ (က)အရ သတ်မှတ်သည့်ကာလအတွင်း ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာအဖြစ် တူးဖော်လုပ်ကိုင်ရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုအစီရင်ခံစာ၊ ဦးစီးဌာနကတောင်းခံသော စာရင်းဇယားနှင့် အချက်အလက်များကို တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိပါ အချက်များအပြင် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်(ခ) တို့ပါ တာဝန်တစ်ရပ်ရပ်ကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အငှားဂရန်ပျက်ပြယ်စေရမည့်အပြင် အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာသည် ဦးစီးဌာန၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။ ထို့ပြင် အငှားဂရန်ရရှိသူသည် အငှားဂရန်ရရှိသည့် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာပေါ်တွင် ကုန်ကျခဲ့သည့်စရိတ်များကို ဦးစီးဌာနသို့ ပြန်လည်တောင်းခံခွင့် မရှိစေရ။

၁၃။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်သက်ဆိုင်သည့်မြေတွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရေးအတွက် ယင်းဌာန၊ အဖွဲ့အစည်း၏သဘောတူညီချက်ရရှိထားသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အငှားဂရန်ရရှိထားသူ သို့မဟုတ် ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ရရှိထားသူသည် ဦးစီးဌာနသို့ အငှားဂရန်လျှောက်ထားရန် မလိုအပ်သော်လည်း ငါးမွေးမြူခြင်းလုပ်ငန်းအတွက် ဤဥပဒေအရ လိုင်စင်လျှောက်ထားရယူရမည်။

## အခန်း(၆)
## လိုင်စင် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ ပုဒ်မ ၁ဝ ပါ အငှားဂရန်ရရှိသူကဖြစ်စေ၊ ပုဒ်မ ၁၃ ပါ အငှားဂရန်လျှောက်ထားရန် မလိုအပ်သူကဖြစ်စေ အောက်ပါငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုလျှင် လိုင်စင်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) ဝန်ကြီးဌာနက ပုဒ်မ ၄ အရ စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကလက်ဝယ်ထားသည့်မြေနှင့် ရေပြင်တွင် ယင်းအစိုးရဌာန၊ အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ဂ) လယ်ယာမြေတွင်လယ်ယာမြေဥပဒေနှင့်အညီ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်လိုခြင်း၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီဗဟိုကော်မတီကခွင့်ပြုချက်အရငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်း၊

(င) စီးပွားဖြစ်ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်း၊ သဘာဝရေပြင်မှ ငါးသားပေါက်စုဆောင်းခြင်း၊ ရောင်းချခြင်း၊ သားပေါက်နှင့် မျိုးငါးများပြုစုခြင်းလုပ်ငန်း၊

(စ) စီးပွားဖြစ်အလှမွေးငါးမွေးမြူရေး၊ သားဖောက်ရေး၊ ရောင်းချရေး၊ စုဆောင်းရေးလုပ်ငန်းနှင့် မျိုးငါးစုဆောင်းရေးလုပ်ငန်း၊

(ဆ) လိုင်စင်ရယူရန် ဦးစီးဌာနကအခါအားလျော်စွာ သတ်မှတ်ထားသောအခြား ငါးမွေးမြူခြင်းလုပ်ငန်းများ။

၁၅။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် -

(က) ပုဒ်မ ၁၄ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါကသတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍လိုင်စင်ထုတ်ပေးနိုင်သည်။

၁၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုအစီရင်ခံစာနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှတောင်းခံသော စာရင်းဇယား၊ အချက်အလက်များကို တင်ပြရမည်။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်မှု မရှိခြင်း သို့မဟုတ် အခြားသူတစ်ဦးကိုလွှဲပြောင်းလိုပါက သတ်မှတ်ချက်များနှင့်အညီစာဖြင့် ဦးစီးဌာနမှူးထံသို့ တင်ပြ၍ခွင့်ပြုချက်ရယူရမည်။

(ဃ) လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါ ကလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထား၍ လိုင်စင်သက်တမ်းတိုးမြှင့်ပြီးမှ လုပ်ငန်းဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၇)
## အခကြေးငွေ ပေးဆောင်ခြင်း

၁၇။ ဦးစီးဌာနသည် အငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး စသည့် အခကြေးငွေများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၁၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ အရ သတ်မှတ်ထားသော လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ လည်း

ကောင်း၊ အင်္ဂါးဂရန်ရရှိသူသည် သတ်မှတ်ထားသော အင်္ဂါးဂရန်ကြေးနှင့်စပ်လျဉ်းသည့် အခကြေးငွေကို ဦးစီးဌာနသို့လည်းကောင်း ပေးဆောင်ရမည်။
၁၉။ သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့လည်းကောင်း၊ ဦးစီးဌာနသည် အင်္ဂါးဂရန်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။
၂၀။ အင်္ဂါးဂရန်နှင့် လိုင်စင်ဆိုင်ရာ အခကြေးငွေပေးဆောင်ရန် ပြဋ္ဌာန်းချက်သည် ဦးစီးဌာနက ဆောင်ရွက်သော ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ၊ ငါးမွေးမြူရေးဆိုင်ရာသုတေသနလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

## **အခန်း(၈)**
## **စစ်ဆေးခြင်းနှင့် အရေးယူခြင်း**

၂၁။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနကသတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း ရှိ မရှိစစ်ဆေးခြင်း၊ အရေးယူခြင်းပြုရန် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

(ခ) စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသော အရာများ ဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့မရှိစေရေးအတွက် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

၂၂။ စစ်ဆေးရေးမှူးများသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခြင်း၊

(ခ) ငါးလုပ်ငန်းဆိုင်ရာ နေရာနှင့် အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပုဂ္ဂလိကငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသောအရာများ ဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့ မရှိစေရေးအတွက် ဆောင်ရွက်စေခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊

(င) သိမ်းဆည်းရမိသော ပုပ်သိုးပျက်စီးလွယ်သည့် ငါးနှင့် ပိုင်ရှင်မဲ့သိမ်းဆည်းရမိသော အခြားပစ္စည်းများအားတရားရုံးသို့တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ဦးစီးဌာန၏သတ်မှတ်

ချက်နှင့်အညီ ခွင့်ပြုချက်ရယူ၍ ထုခွဲရောင်းချပြီးရရှိသောငွေများကို ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်း၍ သတ်မှတ်ထားသည့်ဘဏ်သို့ အပ်နှံခြင်း၊

(စ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ တားမြစ်ထားသော ငါးများကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် သုတေသနပြုလုပ်ရန်နှင့် အများပြည်သူအား အသိပေးပြသရန်မှတစ်ပါး ငါးသားဖောက်ခြင်း၊ ငါးမွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၉)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၃။ လိုင်စင် သို့မဟုတ် အငှားဂရန်ရရှိသူက လိုင်စင် သို့မဟုတ် အငှားဂရန်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် အငှားဂရန်ကို မမှန်မကန်လိမ်လည်လျှောက်ထားလျှင်သော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးပြီး သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့်ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ထားလျှင်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရပ်ဆိုင်းထားရမည့်လုပ်ငန်းကို ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ပါကအငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲလုပ်ကိုင်သည်ဟု မှတ်ယူခြင်းခံရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၅။ (က) ဤဥပဒေအရ ချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က) အရ အယူခံမှုကိုစိစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သောအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

၂၆။ (က) ပုဒ်မ ၂၃ အရ ချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (ခ)အရ အယူခံမှုတွင်ချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အယူခံရာတွင် ဒဏ်ကြေးငွေပေးဆောင်စေရန် ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံခြင်းဖြစ်ပါက ထိုငွေကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပြီးမှသာ အယူခံခွင့်ရှိသည်။ အယူခံရာတွင် အနိုင်ရရှိပါက လျှောက်ထားသူ ပေးသွင်းထားသော ဒဏ်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၁)

## အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်ပြယ်ခြင်းနှင့် ပျက်စီးပျောက်ဆုံးခြင်း

၂၈။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့် အခါ ပျက်ပြယ်သည် -

(၁) သက်တမ်းကုန်ဆုံးခြင်း၊

(၂) ပယ်ဖျက်ခံရခြင်း၊

(၃) လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ ပြန်လည်အပ်နှံခြင်း။

(ခ) ပုဒ်မခွဲ(က) အရ ပျက်ပြယ်သောနေ့ရက်မှ ၁၅ ရက်အတွင်း အဆိုပါ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ထုတ်ပေးသည့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ပြန်လည်အပ်နှံခြင်းမပြုဘဲ ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၂၉။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်မူရင်းမှာ ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးထားပြီးဖြစ်ပါက ထိုပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက် သုံးစွဲခြင်းမပြုရ။

(ခ) ပုဒ်မခွဲ(က)အရ ပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက်သုံးစွဲပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၃၀။ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် ၎င်း၏အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး ပျောက်ဆုံးပါက ပျက်စီးပျောက်ဆုံးသည့်နေ့မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူထုတ်ပေးရန် ခိုင်လုံသောအထောက် အထားဖြင့် ပြန်လည်လျှောက်ထားရမည်။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက မိတ္တူထုတ်ပေးသည့်အခါ သတ်မှတ်ထားသည့်ဒဏ်ကြေးကို ပေးဆောင်ရမည်။

## အခန်း(၁၂)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ ပုဒ်မ ၃၈ အရ ကင်းလွတ်ခွင့်ပြုထားသည့်မိသားစု တစ်အိမ်ထောင်စားသုံးရန် ငါးမွေးမြူခြင်းမှတစ်ပါး ပုဒ်မ ၁၄ ပါ လိုင်စင်ရယူရန်သတ်မှတ်သော ငါးမွေးမြူခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၂။ (က) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင် ရရှိသူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်းမပြုရ။

(ခ) မည်သူမျှ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူထံမှ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဦးစီးဌာန၏ခွင့်ပြုချက် မရရှိဘဲလွှဲပြောင်းလက်ခံ၍ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင် ခြင်းမပြုရ။

၃၃။ မည်သူမျှ -

(က) ငါးမွေးမြူရေးရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတား ဖြစ်စေခြင်း၊ ရေထုညစ်ညမ်းစေခြင်း သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းမပြုရ။

(ခ) ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်၍ တားမြစ်ထားသော ငါးကိုသားဖောက် ခြင်း၊ မွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သို လှောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုရ။

## အခန်း(၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၃၁ သို့မဟုတ် ၃၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်အထိ

ထောင်ဒဏ်ချမှတ်ရမည့်အပြင်၊ အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံး သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်နိုင်သည်။

## အခန်း(၁၄)

## အထွေထွေ

၃၆။ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(ဥပဒေအမှတ်၊ ၂၄/၈၉) အရ ထုတ်ပေးခဲ့သည့် အငှားဂရန် သို့မဟုတ် လိုင်စင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး အဆိုပါခွင့်ပြုသက်တမ်းကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေနှင့်အညီ လိုအပ်သော အငှားဂရန် သို့မဟုတ် လိုင်စင်ကို လျှောက်ထားရမည်။

၃၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့် သို့မဟုတ် အသုံးပြုသည့် မြေ သို့မဟုတ် ရေပြင်တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၌ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၃၈။ မိသားစုတစ်အိမ်ထောင်စားသုံးရန်အလို့ငှာ ရေပြင်၏အရွယ်အစား ၁၂၅၀ စတုရန်းပေ၊ တစ်ကန်ထက်မပိုသော ငါးမွေးမြူခြင်းကို ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၉။ ငါးမွေးမြူခြင်းတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာများအတွက် ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းမှ ကင်းလွတ်စေရမည်။

၄၀။ (က) ဦးစီးဌာနက ရရန်ရှိသောအငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးငွေများနှင့်စပ်လျဉ်းသည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍အရကောက်ခံရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စအလို့ငှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် တည်ဆဲဥပဒေများအရ အခွန်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၄၁။ ဦးစီးဌာနနှင့် စစ်ဆေးရေးမှူးတို့သည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင်လိုအပ်ပါက သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၄၂။ ဤဥပဒေပုဒ်မ ၃၅ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၃။ (က) ငါးလုပ်ငန်းများအားစီမံခန့်ခွဲခြင်း၊ ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး ဆောင်ရွက်ခြင်းတို့ကို ဦးစီးဌာနက ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငါးလုပ်ငန်းဆိုင်ရာသုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

၄၄။ ဤဥပဒေအရပေးအပ်သောတာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းတစ်ဦး ဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆို ခြင်း သို့မဟုတ် အခြားနည်းဖြင့်အရေးယူခြင်းမပြုရ။

၄၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးကချမှတ် သောအမိန့်သည် ဤဥပဒေကိုကျင့်သုံး၍ ဦးစီးဌာနကစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အရ ချမှတ်သည့် အမိန့်အပေါ် ထိခိုက်မှုမရှိစေရ။

၄၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ်၊ ၂၄/၈၉)အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤ ဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၄၇။ ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၈။ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၂၄/၈၉)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

# ငါးမွေးမြူရေးဆိုင်ရာဥပဒေ(မူကြမ်း)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ လ ရက်

# မာတိကာ


အခန်း(၁)　အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂)　ရည်ရွယ်ချက်များ

အခန်း(၃)　ငါးမွေးမြူရေးမြေ နှင့် ငါးမွေးမြူရေးရေပြင်များ

အခန်း(၄)　ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး

အခန်း(၅)　အငှားဂရန်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

အခန်း(၆)　လိုင်စင် လျှောက်ထားခြင်း နှင့် ထုတ်ပေးခြင်း

အခန်း(၇)　အခကြေးငွေပေးဆောင်ခြင်း

အခန်း(၈)　စစ်ဆေးခြင်းနှင့် အရေးယူခြင်း

အခန်း(၉)　စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

အခန်း(၁၀)　အယူခံခြင်း

အခန်း (၁၁) အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်ပြယ်ခြင်း နှင့် ပျက်စီးပျောက်ဆုံးခြင်း

အခန်း (၁၂) တားမြစ်ချက်များ

အခန်း(၁၃)　ပြစ်ဒဏ်များ

အခန်း (၁၄) အထွေထွေ

## ငါးမွေးမြူရေးဆိုင်ရာဥပဒေ (မူကြမ်း) အား ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်

၁။ ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊

၂။ ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

၃။ ငါးများ၏ ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

၄။ ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီးအရေးယူနိုင်ရန်၊

၅။ ငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာသုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

၆။ ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊

၇။ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ချမှတ်ထားသော စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်းတို့ကို ပြုလုပ်နိုင်ရန်၊

**ငါးမွေးမြူရေးဆိုင်ရာဥပဒေ(မူကြမ်း) ပြင်ဆင်ဆောင်ရွက်မှု ကျိုးကြောင်းဖော်ပြချက် နှိုင်းယှဉ်ပြဇယား**

| စဉ် | ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(၂၄/၈၉) (၇-၉-၈၉) | | ပြင်ဆင်ပြီး ငါးမွေးမြူရေးဆိုင်ရာဥပဒေ(မူကြမ်း) | | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ပုဒ်မ | အကြောင်းအရာ | ပုဒ်မ | အကြောင်းအရာ | |
| ၁။ | | **ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(၂၄/၈၉)(၇-၉-၈၉)**<br>နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ | | **ငါးမွေးမြူရေးဆိုင်ရာဥပဒေ (မူကြမ်း) (၅.၂.၂၀၁၉)** | |
| ၂။ | ၁ | **အခန်း(၁)**<br>**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**<br>ဤဥပဒေကို ငါးမွေးမြူခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။ | ၁။ | **အခန်း(၁)**<br>**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**<br>ဤဥပဒေကို **ငါးမွေးမြူရေးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။ | |
| ၃။ | ၂ | ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်- | ၂။ | ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်- | |
| ၄။ | ၂(င) | **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက် စားသည့်ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင်ရေတွင် ပေါက်ပွားသည့် အပင်များနှင့်ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊ | ၂။ (က) | **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။ | တည်ဆဲဥပဒေပါ အဓိပ္ပာယ် အတိုင်း ရေးသားထားပါ သည်။ |
| ၅။ | ၂(စ) | **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။ | ၂။ (ခ) | **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖေါက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများလည်းပါဝင်သည်။ | တည်ဆဲ ဥပဒေပါ အဓိပ္ပာယ်အတိုင်း ရေးသားထားပါ သည်။ |
| ၆။ | ၂(ဆ) | **ငါးမွေးမြူခြင်း** ဆိုသည်မှာ မွေးမြူခြင်းနည်းစနစ် အမျိုးမျိုးဖြင့် သဘာဝရေထုအတွင်းတွင်ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင်ဖြစ်စေ၊ ငါးမျိုးပွားများစေခြင်း၊ ငါးသား | ၂။ (ဂ) | **ငါးမွေးမြူခြင်း** ဆိုသည်မှာ သဘာဝရေထုအတွင်းတွင် ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင်ဖြစ်စေ၊ မွေးမြူခြင်းနည်းစနစ်အမျိုးမျိုးဖြင့် ငါးမျိုးပွားများစေခြင်း၊ | တည်ဆဲဥပဒေပါ အဓိပ္ပာယ် အတိုင်း ရေးသား ထားပါ သည်။ |

| | | | | | |
|---|---|---|---|---|---|
| | | ပေါက်စုဆောင်းခြင်း၊ ငါးများကိုအဆင့်ဆင့်ကြီးပြင်းအောင် မွေးမြူထုတ်လုပ်ခြင်းကိုဆိုသည်၊ | | ငါးသားပေါက်စုဆောင်းခြင်း၊ ငါးများကိုအဆင့်ဆင့်ကြီးပြင်း အောင် မွေးမြူထုတ်လုပ်ခြင်းကိုဆိုသည်၊ | |
| ၇။ | ၂(ဇ) | **ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ရေအစဉ်အမြဲတည်ရှိသည် ဖြစ်စေ၊ ယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စား ပေါက်ဖွားကြီး ပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ် သမုဒ္ဒရာ နှင့် လိပ်များ၊ ဥချသည့် သဲသောင်များလည်း ပါဝင်သည်၊ | ၂။ (ဃ) | **ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ရေအစဉ်အမြဲတည်ရှိသည် ဖြစ်စေ၊ ရေယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက် စားပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင်ပင်လယ် သမုဒ္ဒရာနှင့် လိပ်များ၊ ဥချသည့် သဲသောင်များလည်းပါဝင်သည်၊ | တည်ဆဲဥပဒေပါ အဓိပ္ပာယ်အတိုင်း ရေး သား ထားပါ သည်။ |
| ၈။ | | | ၂။ (င) | **ငါးမွေးမြူရေးရေပြင်** ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေအရ သတ်မှတ်ထားသော ငါးမွေးမြူခြင်းလုပ်ငန်း တစ်ခုခုဆောင်ရွက်နေသည့် ရေပြင် သို့မဟုတ် သီးသန့်ငါး မွေးမြူရေးရေပြင် သို့မဟုတ် အငှားချထားသည့် ငါးမွေးမြူ ရေးရေ ပြင်တို့လည်း ပါဝင်သည်။ | အသစ် ရေးဆွဲထားပါ သည်။ |
| ၉။ | ၂(ည) | **သီးသန့်ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ဦးစီးဌာနက ငါးလုပ် ငန်းကို အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် ငါးလုပ်ငန်း ရေပြင်ကိုဆိုသည်၊ | ၂။ (စ) | **သီးသန့်ငါးမွေးမြူရေးရေပြင်** ဆိုသည်မှာ ငါးလုပ်ငန်းရေပြင် အတွင်း ငါးမျိုးစိုက်ထည့်၍မွေးမြူထားပြီး ငါးမျိုးပြုန်း တီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ဦးစီး ဌာနက ငါးမွေးမြူခြင်းလုပ်ငန်းကို စည်းကမ်းချက်များဖြင့် ကန့်သတ်၍လုပ်ကိုင်ခွင့်ပြုသော ဤဥပဒေအရသီးခြားသတ် မှတ်ထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါ သည်။ |
| ၁၀။ | ၂(ဈ) | **အငှားချထားသည့်ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ငါးလုပ်ငန်း လုပ်ကိုင်နိုင်ရန် သတ်မှတ်သည့်စည်းကမ်းချက်များဖြင့် ဦးစီး ဌာနက အငှားချထားသော နယ်နမိတ်အတွင်းရှိ ငါးလုပ်ငန်း ရေပြင်ကိုဆိုသည်၊ | ၂။ (ဆ) | **အငှားချထားသည့်ငါးမွေးမြူရေးရေပြင်** ဆိုသည်မှာ ငါးလုပ် ငန်းရေပြင်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များ ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ နယ် နိမိတ်သတ်မှတ်၍ အငှားဂရန်ဖြင့်ချထားသည့် ငါးမွေးမြူ ရေးရေပြင်ကို ဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါ သည်။ |
| ၁၁။ | ၂(ဋ) | **ငါးမွေးမြူမြေ** ဆိုသည်မှာ ပုဒ်မ ၁၁ အရ ငါးမွေးမြူရန်အလို့ငှာ ဦးစီးဌာနကသတ်မှတ်၍ သီးသန့်ထားရှိသည့် မြေကိုဆိုသည်၊ | ၂။ (ဇ) | **ငါးမွေးမြူရေးမြေ** ဆိုသည်မှာ ငါးမွေးမြူရေးနည်းစနစ် တစ်မျိုးမျိုးဖြင့် ငါးမွေးမြူရန်အလို့ငှာ မြေအမျိုးအစား အလိုက် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ငါးမွေးမြူ ရန်ခွင့်ပြုချက်ရရှိထားသည့်မြေတွင် ဤဥပဒေအရ သီးသန့် သတ်မှတ်ထားသည့် မြေကို ဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါ သည်။ |
| ၁၂။ | ၂(ဌ) | **အငှားဂရန်** ဆိုသည်မှာ ဦးစီးဌာနကဖြစ်စေ၊ အစိုးရဌာန | ၂။ | **အငှားဂရန်** ဆိုသည်မှာ ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိ | ဖြည့်စွက် ရေးဆွဲထားပါ |

| | | | | | |
|---|---|---|---|---|---|
| | | တစ်ခုခုကဖြစ်စေ မိမိနှင့်သက်ဆိုင်သောမြေ သို့မဟုတ် ငါးလုပ်ငန်း ရေပြင်တွင် ဥပဒေနှင့်အညီ အငှားဂရန်ချထားခြင်း ကိုဆိုသည်၊ | (ဈ) | သောမြေ သို့မဟုတ် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် တည်ဆဲဥပဒေနှင့်အညီ ငါးမွေးမြူရန် အငှားဂရန်ချထားခြင်းကို ဆိုသည်။ | သည်။ |
| ၁၃။ | ၂(ဌ) | **လိုင်စင်** ဆိုသည်မှာ ဦးစီးဌာနကထုတ်ပေးသော ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်၊ | ၂။ (ည) | **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန် သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူးကထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါသည်။ |
| ၁၄။ | ၂(က) | **ဝန်ကြီး** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊ | ၂။ (ဋ) | **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါသည်။ |
| ၁၅။ | ၂(ခ) | **ဦးစီးဌာန** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနကိုဆိုသည်၊ | ၂။ (ဌ) | **ဦးစီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါသည်။ |
| ၁၆။ | ၂(ဃ) | **အစိုးရဌာနတစ်ခုခု** ဆိုသည်မှာ ဦးစီးဌာနတစ်ခုခု သို့မဟုတ် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ဦးစီးဌာနတစ်ခုခု သို့မဟုတ် အစိုးရလက်အောက်ခံအဖွဲ့အစည်းတစ်ခုခု၏ လက်အောက်ခံအဖွဲ့အစည်းများလည်း ပါဝင်သည်။ | ၂။ (ဍ) | **ဦးစီးဌာနမှူး** ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ် ဦးစီးဌာနမှူးတို့ကို ဆိုသည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲထားပါ သည်။ |
| ၁၇။ | ၂(ဃ) | **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်၊ တိုင်းမြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ချုပ်က စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း ဆိုသည်၊ | ၂။ (ဎ) | **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ် ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူးအဖြစ်တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနကအခါအားလျော်စွာ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှပုဂ္ဂိုလ်တစ်ဦးဦးကို လည်းကောင်းဆိုသည်။ | ဖြည့်စွက် ရေးဆွဲထားပါသည်။ |
| ၁၈။ | ၂(ဂ) | **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကို ဆိုသည်၊ | | | ပယ်ဖျက် ထားပါ သည်။ |
| | | | ၃။ | **အခန်း(၂)**<br>**ရည်ရွယ်ချက်များ**<br>ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ် | အခန်း(၂)အား အသစ် ရေးဆွဲထားပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | သည် - | |
| | | | ၃။ (က) | ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊ | |
| | | | ၃။ (ခ) | ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ | |
| | | | ၃။ (ဂ) | ငါးများ၏ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊ | |
| | | | ၃။ (ဃ) | ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီးအရေးယူနိုင်ရန်၊ | |
| | | | ၃။ (င) | ငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ | |
| | | | ၃။ (စ) | ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။ | |
| | | | ၄။ | **အခန်း(၃)**<br>**ငါးမွေးမြူရေးမြေ နှင့် ငါးမွေးမြူရေးရေပြင်များ**<br>ဝန်ကြီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကို ဤဥပဒေနှင့်အညီ ငါးမွေးမြူရေးမြေများနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် စီမံခန့်ခွဲနိုင်သည် - | အခန်း(၃)အား အသစ်ရေးဆွဲထားပါသည်။ |
| | | | ၄။ (ခ) | သီးသန့်ငါးမွေးမြူရေးရေပြင်၊ | |
| | | | ၄။ (ဂ) | အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုပိုင် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊ ပုဂ္ဂိုလ်တစ်ဦးဦးပိုင်သော ပုဂ္ဂလိက ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်။ | |

| | | | | | |
|---|---|---|---|---|---|
| | | | ၄။ (က) | ပုဒ်မ ၅ အရ ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊ | |
| ၁၉။ | ၁၁ | **အခန်း (၄)**<br>**ဦးစီးဌာနနှင့်ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များ**<br>ဦးစီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးရန်အလို့ငှာ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းများအနက် သင့်လျော်သော မြေကို တည်ဆဲမြေယာဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငါးမွေးမြူမြေအဖြစ် သတ်မှတ်၍ သီးသန့်ထားရှိနိုင်သည်။ | ၅။ | ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ မြေနှင့် ရေပြင်များကို ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် သတ်မှတ်နိုင်သည် - | ပြင်ဆင်၊ ဖြည့်စွက် ရေးဆွဲထားပါသည်။ |
| ၂၀။ | ၁၂။ | ပုဒ်မ ၁၁ အရ သတ်မှတ်၍ သီးသန့်ထားရှိသည့် ငါးမွေးမြူမြေကို ဦးစီးဌာနက စီမံခန့်ခွဲရမည်။ | ၅။ (က) | ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပြီး ငါးမွေးမြူနိုင်သည့်မြေနှင့် ရေပြင်များ၊ | |
| | | | ၅။ (ခ) | ဦးစီးဌာနပိုင်အဖြစ် အမည်ပေါက်လျှက်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊ | |
| | | | ၅။(ဂ) | ဝန်ကြီးဌာနကစီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသောအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းမရှိသည့်အပြင် ပုဂ္ဂိုလ်တစ်ဦးဦးအား အငှားဂရန် သို့မဟုတ် အငှားချထားပေးခြင်းမရှိသည့် မြေနှင့်ရေပြင်များ၊ ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ | |
| | | | ၆။ | **အခန်း(၄)**<br>**ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေး**<br>ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အလို့ငှာ - | အခန်း(၄)အား အသစ်ရေး ဆွဲထားပါသည်။ |
| | | | ၆။ (က) | ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များ နှင့်ဇီဝဂေဟစနစ်များရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် မူဝါဒ များ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ပြီး | |

| | | | | | |
|---|---|---|---|---|---|
| | | | | အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာဆန်းစစ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။ | |
| | | | ၆။(ခ) | ငါးမွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှု မရှိ စေရေးနှင့် သန့်ရှင်းသည့်ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးတို့အတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းပြု ရမည်။ | |
| | | | ၆။(ဂ) | ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များ များထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် ချမှတ်ထားသောမူဝါဒများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ | |
| | | | ၇။ | ဦးစီးဌာနသည် - | |
| | | | ၇။ (က) | ငါးမွေးမြူခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် ငါးသယံဇာတအရင်းအမြစ်များ၊ငါးမျိုးနေရင်းဒေသများ၊ရေတွင်ပေါက်ပွားသောအပင်များ၊ ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များ၊ ငါးမျိုးပေါက်ဖွားရာနေရာများ၊ သန္တာကျောက်တန်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ဇီဝဂေဟစနစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ငါးမွေးမြူရေးဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူ များနှင့်ညှိနှိုင်းပြီး လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။ | |
| | | | ၇။(ခ) | ဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် အရည်အသွေးကောင်းမွန်သောရေနှင့် ပတ်ဝန်းကျင် တည်ရှိရန် စီမံဆောင်ရွက်ရမည်။ | အခန်း(၄)အား အသစ်ရေး ဆွဲထားပါသည်။ |
| | | | ၇။(ဂ) | ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် ငါးရောဂါများဝင်ရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများနှင့် ငါးရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။ | |

| | | | | | |
|---|---|---|---|---|---|
| | | | ၇။ (ဃ) | ငါးမွေးမြူခြင်းလုပ်ငန်းများရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတများနှင့် ဇီဝဂေဟစနစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် သုတေသနပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ငါးသယံဇာတအရင်းအမြစ် ရှာဖွေမှတ်တမ်းတင်ခြင်း၊ သင်တန်းများပို့ချခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကဆွေးနွေးမှု ထူထောင်ခြင်းတို့ကိုပြုလုပ်ရမည်။ | |
| | | | ၇။(င) | သုတေသနတွေ့ရှိချက်များကို ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ငါးလုပ်ငန်းရှင်များနှင့် အများပြည်သူသို့ သင့်လျော်ရာနည်းဖြင့်ဖြန့်ဖြူး၍ အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်။ | |
| | | | ၇။(စ) | ငါးမျိုးများ၊ ငါးဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးစေ့များ၊ ငါးသားပေါက်များပြန့်ပွားစေရန် ငါးပေါက်ဖွားရာနေရာများ၊ ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ယင်းတို့၏ဇီဝဂေဟစနစ်များ၊ ပင်လယ်မြက်ခင်းများနှင့် သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီစဉ်ဆောင်ရွက် ရမည်။ | |
| | | | ၇။ (ဆ) | ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ အခြားကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ | |
| | | | ၈။ | ဦးစီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော တာဝန်များကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ | အသစ်ရေးဆွဲ ထားပါသည်။ |
| ၂၁။ | ၃ | **အခန်း(၂)**<br>**အငှားဂရန် သို့မဟုတ် လိုင်စင် လျှောက်ထားခြင်း**<br>ငါးမွေးမြူမြေတွင်ဖြစ်စေ၊ အစိုးရဌာနတစ်ခုခုနှင့်သက်ဆိုင်ခြင်းမရှိသော ငါးလုပ်ငန်း ရေပြင်တွင်ဖြစ်စေ၊ သီးသန့်ငါးလုပ်ငန်း | ၉။ | **အခန်း(၅)**<br>**အငှားဂရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**<br>ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဝန်ကြီးဌာနက စီမံခန့်ခွဲ ပိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေး | အခန်း(၅)အား ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | ရေပြင်တွင်ဖြစ်စေ ငါးမွေးမြူခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် အငှားဂရန်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံ ဖြင့်လျှောက်ထားရမည်။ | | ရေပြင်များတွင် ငါးမွေးမြူလိုသူသည် အငှားဂရန်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည်။ | |
| ၂၂။ | ၁၃။ | ဦးစီးဌာနသည် ငါးမွေးမြူမြေကို တစ်ကြိမ်လျှင် ၁၀နှစ်ထက် မပိုစေဘဲ ငါးမွေးမြူလိုသူများအား အောက်ပါစည်းကမ်းချက်များဖြင့် အငှားဂရန်ချထားနိုင်သည်- | ၁၀။ | ဦးစီးဌာနသည် ပုဒ်မ ၉ အရ အငှားဂရန် လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာနကစီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူရန် လျှောက်ထားသူအား တစ်ကြိမ်လျှင် ၅၀ နှစ် ထက်မပိုသော ကာလအတွက် စည်းကမ်းချက်များ သတ်မှတ်၍ အငှားဂရန် ချပေးနိုင်သည်။ | |
| ၂၃။ | ၁၅။ | ဦးစီးဌာနသည် အောက်ပါငါးလုပ်ငန်းရေပြင်တွင် ကန်တူး၍ ငါးမွေး မြူခြင်းနည်းစနစ်မှအပ အခြားငါးမွေးမြူခြင်းနည်းစနစ်တစ်ခုခု ဖြင့်ငါးမွေးမြူလိုသူများအား တစ်ကြိမ်လျှင် ၃နှစ်ထက်မပိုသော ကာလအတွက် အငှားဂရန်ချထားနိုင်သည် - | | | |
| ၂၄။ | ၁၅ (က) | အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်ခြင်းမရှိသည့် ငါးလုပ်ငန်း ရေပြင်၊ | | | |
| ၂၅။ | ၁၅(ခ) | သီးသန့်ငါးလုပ်ငန်းရေပြင်။ | | | |
| | | | ၁၁။ | ပုဒ်မ ၁၀ အရ အငှားဂရန်ရရှိသူသည်- | |
| ၂၆။ | ၁၃ (ခ) | အငှားဂရန်ရရှိပြီး ၃နှစ်အတွင်း သတ်မှတ်ထားသည့် ငါးမွေးကန်ဧရိယာ ၏ ၅၀ရာခိုင်နှုန်းတွင် ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး ၅နှစ်သက်တမ်းကြာမြင့်သည့်အခါ ငါးမွေးကန်ရေပြင်ဧရိယာ အားလုံးတွင် ငါးမွေးမြူခြင်းကို လုပ်ကိုင်ရမည်၊ | ၁၁။ (က) | ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာ ၏ ၅၀ ရာခိုင်နှုန်းတွင် အငှားဂရန် ရရှိသည့်နေ့ရက်မှ သုံးနှစ်အတွင်း ငါး မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး သက်တမ်း ငါးနှစ် ကြာမြင့်သည့်အခါ ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေး ရေပြင်ဧရိယာအားလုံးတွင် ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရ မည်၊ | |
| ၂၇။ | ၁၃ (က) | အငှားဂရန်ချထားသည့် မြေဧရိယာ၏ အနည်းဆုံး ၇၅ရာခိုင်နှုန်းကို ငါးမွေးကန် ရေပြင်ဧရိယာအဖြစ် တူးဖော်လုပ်ကိုင်ရမည်၊ | ၁၁။ (ခ) | အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင် ဧရိယာ၏ အနည်းဆုံး၇၅ရာခိုင်နှုန်းကို ပုဒ်မခွဲ (က)အရ သတ်မှတ်သည့်ကာလအတွင်း ငါးမွေးမြူရေးမြေ | |

| | | | | | |
|---|---|---|---|---|---|
| | | | | သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာအဖြစ် တူးဖော် လုပ်ကိုင်ရမည်၊ | |
| | | | ၁၁။ (ဂ) | ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအစီရင်ခံစာ၊ ဦးစီးဌာနက တောင်းခံသော စာရင်းဇယားနှင့် အချက်အလက်များကိုတင်ပြရမည်။ | |
| ၂၈။ | ၁၃ (ဃ) | ဦးစီးဌာနကသတ်မှတ်သည့် အခြားစည်းကမ်းချက်များကို လည်း လိုက်နာရမည်။ | ၁၁။ (ဃ) | ပုဒ်မခွဲ (က) မှ (ဂ) အထိပါအချက်များအပြင် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာ ဆောင် ရွက်ရမည်။ | |
| ၂၉။ | ၁၃ (ဂ) | ပုဒ်မခွဲ (ခ) အား လိုက်နာရန်ပျက်ကွက်ပါက ကန်တူးဖော်ရန် ပျက်ကွက် သောမြေဧရိယာသည် ဦးစီးဌာန၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိ စေရမည်။ ထို့ပြင် ယင်းမြေပေါ်တွင် ကုန်ကျခဲ့သည့်စရိတ်များကို ပျက်ကွက်သူက ပြန်လည် တောင်းခံနိုင်ခွင့်လည်းမရှိစေရ၊ | ၁၂။ | ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်(ခ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အငှားဂရန် ပျက်ပြယ် စေရမည့်အပြင် အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးပြင် ဧရိယာသည် ဦးစီးဌာန၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟုမှတ်ယူရမည်။ထို့ပြင် အငှားဂရန်ရရှိသူသည် အငှားဂရန်ရရှိသည့် ငါးမွေးမြူရေး မြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာပေါ်တွင် ကုန်ကျ ခဲ့သည့်စရိတ်များကို ဦးစီးဌာနသို့ ပြန်လည် တောင်းခံခွင့် မရှိစေရ။ | |
| | | | ၁၃။ | အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်သက်ဆိုင်သည့် မြေတွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရေးအတွက် ယင်းဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ရရှိထားသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အငှားဂရန်ရရှိထားသူ သို့မဟုတ် ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ရရှိထားသူ သည် ဦးစီးဌာနသို့ အငှားဂရန်လျှောက်ထားရန် မလိုအပ် သော်လည်း ငါးမွေးမြူခြင်းလုပ်ငန်း အတွက် ဤဥပဒေအရ လိုင်စင်လျှောက်ထားရယူရမည်။ | |
| ၃၀။ | ၄ | အငှားဂရန်ရရှိသူ သို့မဟုတ် ငါးမွေးမြူလိုသူသည် လိုင်စင် | ၁၄။ | **အခန်း(၆)**<br>**လိုင်စင် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**<br>ပုဒ်မ ၁၀ ပါ အငှားဂရန်ရရှိသူကဖြစ်စေ၊ ပုဒ်မ ၁၃ ပါ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာ ပုံစံဖြင့် လျှောက်ထားရမည်။ | | အငှားဂရန်လျှောက်ထားရန်မလိုအပ်သူကဖြစ်စေ အောက်ပါငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ် ရပ်ကိုလုပ်ကိုင်လိုလျှင် လိုင်စင်ရရှိရန် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် - | |
| ၃၁။ | ၅ | ငါးသားဖောက်၍ ရောင်းချလိုသူ သို့မဟုတ် အလှပြငါးကိုစီးပွားဖြစ်မွေးမြူလိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ | | | |
| ၃၂။ | ၁၄ | ငါးမွေးမြူမြေမှအပအခြားမြေတွင် ငါးမွေးမြူလိုကြောင်း လျှောက်ထား သည့်ကိစ္စတွင် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ဦးစီးဌာန ကလိုင်စင်ထုတ်ပေးနိုင်သည် - | ၁၄။ (က) | ဝန်ကြီးဌာနက ပုဒ်မ ၄ အရ စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ် ကိုင်ခြင်း၊ | ပြင်ဆင်၊ဖြည့်စွက်ရေးဆွဲထားပါ သည်။ |
| ၃၃။ | ၁၄ (က) | ငါးမွေးမြူရန်ကိစ္စအလို့ငှာ၊ ၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ၃၉ အရ ကင်းလွတ်ခွင့် အမိန့်ကိုရယူပြီးဖြစ်ခြင်း၊ | ၁၄။ (ခ) | အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့်မြေနှင့် ရေပြင်တွင် ယင်းအစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲထားပါ သည်။ |
| ၃၄။ | ၁၄(ခ) | ဦးစီးဌာနမှအပ အစိုးရဌာတစ်ခုခုနှင့် သက်ဆိုင်လျှင်သော်လည်းကောင်း၊ အငှားဂရန်တစ်ရပ်ရပ် ရရှိထားသူရှိလျှင်သော်လည်းကောင်း ယင်းတို့ထံမှ ငါးမွေးမြူရန်ကိစ္စအလို့ငှာ သဘောတူညီချက် ရရှိပြီးဖြစ်ခြင်း၊ | ၁၄။ (ဂ) | လယ်ယာမြေတွင်လယ်ယာမြေဥပဒေနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲထားပါ သည်။ |
| ၃၅။ | ၁၄(ဂ) | ဦးစီးဌာနက သတ်မှတ်သည့်စည်းကမ်းချက်များကို လိုက်နာရန် သဘောတူပြီး ဖြစ်ခြင်း။ | ၁၄။ (ဃ) | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါ သည်။ |
| | | | ၁၄။ (င) | စီးပွားဖြစ် ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်း၊ သဘာဝရေပြင်မှငါးသားပေါက် စုဆောင်းခြင်း၊ ရောင်းချခြင်း၊ သားပေါက်နှင့် မျိုးငါးများပြုစုခြင်းလုပ်ငန်း၊ | အသစ်ရေးဆွဲ ထားပါ သည်။ |
| ၃၆။ | ၁၆။ | ဦးစီးဌာနက အောက်ဖော်ပြပါငါးမွေးမြူလိုသူများအား လိုင်စင်ထုတ်ပေး နိုင်သည် - | ၁၄။ (စ) | စီးပွားဖြစ်အလှမွေးငါးမွေးမြူရေး၊ သားဖောက်ရေး၊ ရောင်းချရေး၊ စုဆောင်းရေးလုပ်ငန်းနှင့် မျိုးငါးစုဆောင်းရေးလုပ်ငန်း၊ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါ သည်။ |
| ၃၇။ | ၁၆ | ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၅ အရ အငှားဂရန်ချထားခြင်း | ၁၄ ။ | လိုင်စင်ရယူရန် ဦးစီးဌာနကအခါအားလျော်စွာ သတ်မှတ် | ပြင်ဆင်၊ ဖြည့်စွက်ရေး |

| | | | | | |
|---|---|---|---|---|---|
| | (က) | ခံရသူ၊ | (ဆ) | ထားသော အခြားငါးမွေး မြူခြင်းလုပ်ငန်း များ။ | ဆွဲထားပါ သည်။ |
| ၃၈။ | ၁၆(ခ) | အငှားချထားသည့် ငါးလုပ်ငန်းရေပြင်တွင် အငှားချထားခြင်း ခံရသူ၊ | ၁၅။ | သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် | ပြင်ဆင်၊ ဖြည့်စွက် ရေးဆွဲ ထားပါ သည်။ |
| ၃၉။ | ၁၆(ဂ) | ပုဒ်မခွဲ (ခ) အရ အငှားချထားခြင်းခံရသူ၏ သဘောတူညီ ချက်ဖြင့် ငါးမွေးမြူလိုသူ။ | ၁၅ ။ (က) | ပုဒ်မ ၁၄ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါ သည်။ |
| ၄၀။ | ၁၇။ | အစိုးရဌာနတစ်ခုခုနှင့် သက်ဆိုင်သော ငါးလုပ်ငန်းရေပြင်တွင် ငါးမွေးမြူလိုကြောင်း လျှောက်ထားပါက ယင်းဌာန၏ သဘော တူညီချက်ရရှိလျှင် ဦးစီးဌာနက စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင် သည်။ | ၁၅။ (ခ) | ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်း ချက်များ သတ်မှတ်၍လိုင်စင်ထုတ်ပေးနိုင်သည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါ သည်။ |
| ၄၁။ | ၁၈။ | ညွှန်ကြားရေးမှူးချုပ်သည် အငှားဂရန်ကိုဖြစ်စေ၊ လိုင်စင်ကို ဖြစ်စေ ထုတ်ပေးနိုင်သည်။ | | | |
| ၄၂။ | ၆ (က) | လိုင်စင်လျှောက်ထားသူသည် - လိုင်စင်ရရှိပြီးမှသာ ငါးမွေးမြူခြင်းကို လုပ်ကိုင်ခွင့်ရှိသည်၊ | ၁၆။ | လိုင်စင်ရရှိသူသည် - | |
| ၄၃။ | ၆(ခ) | ဦးစီးဌာနကသတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာရ မည်၊ | ၁၆ ။ (က) | လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာ ရမည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲထားပါ သည်။ |
| ၄၄။ | ၆(ဂ) | ငါးမွေးမြူမည့် ငါးလုပ်ငန်းရေပြင် သို့မဟုတ် မြေသည် အစိုးရဌာန တစ်ခုခု နှင့်သက်ဆိုင်လျှင်ယင်းဌာနက သတ်မှတ်သည့် စည်းကမ်းချက်များ ကိုလည်းလိုက်နာရမည်။ | ၁၆။ (ခ) | ငါးမွေးမြူခြင်းလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ခရိုင်ငါး လုပ်ငန်းဦးစီးဌာနမှ တောင်းခံသော စာရင်းဇယား၊ အချက် အလက်များကို တင်ပြရမည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲထားပါ သည်။ |
| | | | ၁၆ ။ (ဂ) | အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင် နိုင်မှုမရှိခြင်း သို့မဟုတ် အခြားတစ်ဦးကိုလွှဲပြောင်းလိုပါက သတ်မှတ် ချက်များနှင့်အညီ ခွင့်ပြုချက်ရရှိရန် ဦးစီးဌာန မှူးထံသို့ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။ | အသစ်ရေးဆွဲ ထားပါ သည်။ |
| | | | ၁၆။ (ဃ) | လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား၍ လိုင်စင်သက် တမ်းတိုးမြှင့်ပြီးမှ လုပ်ငန်း ဆက်လက်ဆောင်ရွက် ရမည်။ | အသစ်ရေးဆွဲ ထားပါ သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄၅။ | ၉ | **အခန်း(၃)**<br>**အခွန်အခပေးဆောင်ခြင်း**<br>အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်း၊ အငှားဂရန်ကြေး၊ လိုင်စင်ခနှင့် ရက်လွန်ကြေးတို့ကို ဦးစီးဌာနက သတ်မှတ်ပေးရ မည်။ | ၁၇။ | **အခန်း(၇)**<br>**အခကြေးငွေ ပေးဆောင်ခြင်း**<br>ဦးစီးဌာနသည် အငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးစသည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲထားပါ သည်။ |
| | | | ၁၈။ | လိုင်စင်ရရှိသူသည် ၁၇ အရ သတ်မှတ်ထားသောလိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ် ကောက်ခံသည့် အခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီသက်ဆိုင်ရာ ဦးစီးမှူးထံသို့ လည်းကောင်း၊ အငှားဂရံရရှိသူသည် သတ်မှတ်ထားသော အငှားဂရံကြေးနှင့်စပ်လျဉ်းသည့် အခကြေးငွေကို ဦးစီးဌာနသို့ လည်းကောင်း ပေးဆောင် ရမည်။ | |
| ၄၆။ | ၇ | ငါးမွေးမြူခြင်းအတွက် အငှားဂရန်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် အောက်ပါအခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနကသတ်မှတ်သည့် နည်းလမ်းအတိုင်းပေး ဆောင်ရမည် - | | | |
| ၄၇။ | ၇(က) | အငှားဂရန်ကြေး၊ | | | |
| ၄၈။ | ၇(ခ) | လိုင်စင်ခ။ | | | |
| ၄၉။ | ၁၀ | ငါးမွေးမြူခြင်းတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာများအတွက် ငါးဖမ်းကိရိယာ လိုင်စင်ခပေးဆောင်ခြင်းမှကင်းလွတ် စေရမည်။ | | | |
| | | | ၁၉။ | သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် လိုင်စင်နှင့် စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့ လည်းကောင်း၊ ဦးစီးဌာနသည် အငှားဂရန်နှင့်စပ်လျဉ်း၍စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ လည်းကောင်း ပေးသွင်းရမည်။ | အသစ်ရေးဆွဲ ထားပါသည်။ |
| ၅၀။ | ၈ | ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်သည် အောက်ပါလုပ်ငန်းများနှင့် | ၂၀။ | အငှားဂရန်နှင့်လိုင်စင်ဆိုင်ရာ အခကြေးငွေပေးဆောင်ရန် | ပြင်ဆင်၊ ဖြည့်စွက် ရေး |

| | | | | | |
|---|---|---|---|---|---|
| | | မသက်ဆိုင် စေရ - | | ပြဋ္ဌာန်းချက်သည် ဦးစီးဌာနကဆောင်ရွက်သော ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ၊ ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မသက် ဆိုင်စေရ ။ | ဆွဲ ထားပါ သည်။ |
| ၅၁။ | ၈(က) | ဦးစီးဌာနက ဆောင်ရွက်သောငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးမွေးမြူခြင်းသုတေသနလုပ်ငန်း သို့မဟုတ် တိုးချဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ | | | |
| ၅၂။ | ၈(ခ) | ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးမွေးခြင်းသုတေသနလုပ်ငန်းများ။ | | | |
| ၅၃။ | ၂၁။ | **အခန်း(၆)**<br>**စစ်ဆေးခြင်းနှင့်အရေးယူခြင်း**<br>ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခု၏ ဝန်ထမ်းတစ်ဦးဦးအား စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ | ၂၁။ | **အခန်း(၈)**<br>**စစ်ဆေးခြင်းနှင့် အရေးယူခြင်း**<br>ဦးစီးဌာနသည် - | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါ သည်။ |
| | | | ၂၁။ (က) | ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ အရေးယူခြင်းပြုရန် စစ်ဆေးရေးမှူးများကိုတာဝန်ပေးအပ်ရမည်။ | ဖြည့်စွက် ရေးဆွဲ ထားပါ သည်။ |
| | | | ၂၁။ (ခ) | စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသော အရာများဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့မရှိစေရေးအတွက် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။ | ဖြည့်စွက် ရေးဆွဲ ထားပါ သည်။ |
| ၅၄။ | ၂၅။ | စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် - | ၂၂။ | စစ်ဆေးရေးမှူးများသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်- | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါ သည်။ |
| ၅၅။ | ၂၅ (က) | မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ငါးမွေးမြူခြင်းလုပ်ငန်းများကို စစ်ဆေးခြင်း၊ | ၂၂ ။ (က) | မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ် သည့်နယ်မြေအတွင်း၌ဖြစ်စေ၊ ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းဆောင် ရွက်မှုများကို စစ်ဆေးခြင်း၊ | ပြင်ဆင် ရေးဆွဲ ထားပါ သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၅၆။ | ၂၅(ခ) | ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်း၊ | ၂၂။ (ခ) | ငါးလုပ်ငန်းဆိုင်ရာနေရာနှင့် အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဤ ဥပဒေပါပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း၊ | ပြင်ဆင် ရေးဆွဲ ထားပါသည်။ |
| ၅၇။ | ၂၅(ဂ) | ပုဒ်မခွဲ (ခ) အရ အရေးယူဆောင်ရွက်ရာတွင် ဖမ်းဆီးရမိသော ငါး၊ ငါးဖမ်းကိရိယာများနှင့် ငါးမွေးမြူရေးဆိုင်ရာပစ္စည်းကိရိယာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊ | ၂၂။ (ဂ) | ပုဂ္ဂလိက ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် စွန့်ပစ် ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသောအရာများ ဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့မရှိစေရေးအတွက် ဆောင်ရွက်စေခြင်းနှင့် စစ်ဆေးခြင်း၊ | ဖြည့်စွက် ရေးဆွဲ ထားပါသည်။ |
| | | | ၂၂။ (ဃ) | ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခြင်း၊ | ဖြည့်စွက် ရေးဆွဲ ထားပါသည်။ |
| ၅၈။ | ၂၂။ | ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ငါးမွေးကန်နှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်းပြုနိုင်သည်။ | ၂၂။ (င) | သိမ်းဆည်းရမိသော ပုပ်သိုးပျက်စီးလွယ်သည့်ငါးနှင့် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော အခြားပစ္စည်းများအား တရားရုံးသို့ စွဲဆိုတင်ပို့ခြင်းမပြုဘဲ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့် အညီခွင့်ပြုချက်ရယူ၍ ထုခွဲရောင်းချပြီးရရှိသော ငွေများကို ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်လာစေရေးအတွက် သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်း၍ သတ်မှတ်ထားသည့် ဘဏ်သို့ အပ်နှံခြင်း၊ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲထားပါ သည်။ |
| | | | ၂၂။ (စ) | အမိန့်ကြော်ငြာစာထုတ်ပြန်၍ တားမြစ်ထားသော ငါးများကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် သုတေသနပြုလုပ်ရန်နှင့် အများပြည်သူအား အသိပေးပြသရန်မှတစ်ပါး ငါးသားဖောက်ခြင်း၊ ငါးမွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်း နှင့် စစ်ဆေးခြင်း၊ | အသစ် ရေးဆွဲ ထားပါသည်။ |
| ၅၉။ | ၂၅ (ဃ) | ညွှန်ကြားရေးမှူးချုပ်ကပေးအပ်သည့် ငါးမွေးမြူခြင်း လုပ်ငန်းနှင့်ပတ်သက်သော အခြားတာဝန်များကိုဆောင်ရွက်ခြင်း။ | ၂၂။ (ဆ) | ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါ သည်။ |
| ၆၀။ | ၁၉။ | ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈ အရ ထုတ်ပေးထားသော | ၂၃။ | **အခန်း(၉)**<br>**စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း**<br>လိုင်စင် သို့မဟုတ် အငှားဂရန်ရရှိသူက လိုင်စင် သို့မဟုတ် | အခန်း(၉)အား ပြင်ဆင်၊ ဖြည့်စွက် ရေးဆွဲထားပါ |

| | | | | | |
|---|---|---|---|---|---|
| | | အငှားဂရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်သော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိရပါက ယင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။ | | အငှားဂရန်ပါ စည်းကမ်းချက်တစ်ရပ်ရပ် ကိုဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် အငှားဂရန်ကို မမှန်မကန် လိမ်လည်လျှောက်ထားလျှင်သော် လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာ ဦးစီးမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှန်နိုင်သည် | သည်။ |
| | | | ၂၃။ (က) | စာဖြင့်သတိပေးပြီး သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေ ခြင်း၊ | |
| | | | ၂၃။ (ခ) | အငှားဂရန်သို့မဟုတ်လိုင်စင်ကိုကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ | |
| | | | ၂၃။ (ဂ) | အငှားဂရန် သို့မဟုတ် လိုင်စင် ကို ပယ်ဖျက်ခြင်း။ | |
| | | | ၂၄ ။ (က) | အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့် ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်းအမိန့်ချမှတ်ထားလျှင် ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်။ | |
| | | | ၂၄။ (ခ) | ပုဒ်မခွဲ (က) အရ ရပ်ဆိုင်းထားရမည့်လုပ်ငန်းကို ရပ်ဆိုင်းခြင်းမရှိဘဲဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင် မရှိဘဲလုပ်ကိုင်သည်ဟု မှတ်ယူခြင်း ခံရမည်။ | |
| ၆၁။ | ၂၀။ | ညွှန်ကြားရေးမှူးချုပ်သည် ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။ | | | |
| ၆၂။ | | **အခန်း (၇)**<br>**အယူခံခြင်း** | | **အခန်း (၁၀)**<br>**အယူခံခြင်း** | |
| | ၂၆။ | ဤဥပဒေပုဒ်မ ၁၈၊ ပုဒ်မ၁၉၊ ပုဒ်မ၂၀ သို့မဟုတ် ပုဒ်မ၂၂ အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် ဆုံးဖြတ်ချက် | ၂၅။ (က) | ဤဥပဒေအရချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်း | ပြင်ဆင် ရေးဆွဲ ထားပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | သို့မဟုတ် အမိန့်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက် ၃၀အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။ | | အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသော နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်၊ | |
| ၆၃။ | ၂၇။ | ဝန်ကြီးသည် ညွန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုလုပ်နိုင်သည်။ | ၂၅။ (ခ) | ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း ပြုနိုင်သည်၊ | ပြင်ဆင် ရေးဆွဲ ထားပါသည်။ |
| | | | ၂၆ ။ (က) | ပုဒ်မ ၂၃ အရ အရချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ခ) အရ အယူခံမှုတွင် ချမှတ်သည့် ဦးစီးဌာန၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လည်းကောင်းမကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။ | |
| | | | ၂၆။ (ခ) | ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနကချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သောအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း ပြုနိုင်သည်၊ | |
| ၆၄။ | ၂၈ | ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ | ၂၆။ (ဂ) | ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။ | |
| | | | ၂၇။ | ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အယူခံရာတွင် ဒဏ်ကြေးငွေပေးဆောင်စေရန် ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံခြင်းဖြစ်ပါက ထိုငွေကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပြီးမှသာ အယူခံခွင့်ရှိသည်။ အယူခံရာတွင် အနိုင်ရရှိပါက လျှောက်ထားသူပေးသွင်းထားသောဒဏ်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။ | |

| | | | | | |
|---|---|---|---|---|---|
| ၆၅။ | ၂၃။ | **အခန်း (၅)**<br>**အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်ပြယ်ခြင်း**<br>အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အငှား ဂရန် သို့မဟုတ် လိုင်စင် ပျက်ပြယ်သည် - | ၂၈ ။ (က) | **အခန်း (၁၁)**<br>**အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်ပြယ်ခြင်းနှင့် ပျက်စီးပျောက်ဆုံးခြင်း**<br>အငှားဂရန် သို့မဟုတ် လိုင်စင်သည် အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ပျက်ပြယ်သည် - | |
| ၆၆။ | ၂၃ (က) | သက်တမ်းကုန်ဆုံးခြင်း၊ | ၂၈။ (က) | (၁) သက်တမ်းကုန်ဆုံးခြင်း၊ | |
| ၆၇။ | ၂၃(ခ) | ပယ်ဖျက်ခံရခြင်း၊ | ၂၈။ (က) | (၂) ပယ်ဖျက်ခံရခြင်း၊ | |
| ၆၈။ | ၂၃(ဂ) | ငါးမွေးမြူသူသည် မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှား ဂရန် သို့မဟုတ် လိုင်စင်ကို ဦးစီးဌာနသို့ ပြန်လည် အပ်နှံခြင်း။ | ၂၈။ (က) | (၃) လုပ်ငန်းကိုဆက်လက်မလုပ်ကိုင်လို၍ ပြန်လည်အပ်နှံ ခြင်း။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါ သည်။ |
| ၆၉။ | ၂၄။ | ဦးစီးဌာနသည် ငါးမွေးမြူသူက ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်း အငှားဂရန် သို့မဟုတ် လိုင်စင်အား ပယ်ဖျက်နိုင်သည်။ | ၂၈။ (ခ) | ပုဒ်မခွဲ(က) အရ ပျက်ပြယ်သောနေ့ရက်မှ ၁၅ ရက် အတွင်း အဆိုပါအငှားဂရန် သို့မဟုတ် လိုင်စင်ကို ထုတ်ပေး သည့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီး ဌာနသို့ ပြန်လည်အပ်နှံရမည်။ | |
| | | | ၂၈။ (ဂ) | ပုဒ်မခွဲ(ခ)အရ ပြန်လည်အပ်နှံခြင်းမပြုဘဲ ဆက်လက် လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ် ငန်းလုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။ | |
| | | | ၂၉။ (က) | အငှားဂရန် သို့မဟုတ် လိုင်စင် ရရှိသူသည် - အငှားဂရန် သို့မဟုတ် လိုင်စင်မူရင်းမှာ ပျက်စီးပျောက်ဆုံး သဖြင့် မိတ္တူထုတ်ပေးထားပြီးဖြစ်ပါက ထိုပျက်စီးပျောက်ဆုံး သွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက် သုံးစွဲခြင်းမပြုရ။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| | | | ၂၉။ (ခ) | ပုဒ်မခွဲ(က)အရ ပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက်သုံးစွဲပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင် သူအဖြစ် အရေးယူခြင်းခံရမည်။ | အသစ် ရေးဆွဲ ထားပါ သည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | ၃၀။ | အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် ၎င်း၏အငှားဂရန် သို့မဟုတ်လိုင်စင်ပျက်စီးပျောက်ဆုံးပါ ကပျက်စီးပျောက်ဆုံး သည့်နေ့မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာန မှူး သို့မဟုတ် ဦးစီးဌာနသို့ အငှားဂရန် သို့မဟုတ် လိုင်စင် မိတ္တူထုတ်ပေးရန် ခိုင်လုံသော အထောက်အထားဖြင့် ပြန်လည် လျှောက်ထားရမည်။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက မိတ္တူထုတ်ပေးသည့်အခါ သတ်မှတ် ထားသည့်ဒဏ်ကြေးကို ပေးဆောင်ရမည်။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| ၇၀။ | ၂၉ | **အခန်း(၈)**<br>**တားမြစ်ချက်များ**<br>မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ - | ၃၁။ | **အခန်း(၁၂)**<br>**တားမြစ်ချက်များ**<br>မည်သူမျှ ပုဒ်မ ၃၈ အရ ကင်းလွတ်ခွင့်ပြုထားသည့်မိသားစု တစ်အိမ်ထောင်စားသုံးရန် ငါးမွေးမြူခြင်းမှတစ်ပါး ပုဒ်မ ၁၄ ပါ လိုင်စင်ရယူရန်သတ်မှတ်သော ငါးမွေးမြူခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါသည်။ |
| ၇၁။ | (က) | လိုင်စင်မရှိဘဲ ငါးမွေးမြူခြင်း၊ | ၃၂။<br>(က) | မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူမျှ ဦးစီးဌာန ၏ ခွင့်ပြု ချက်မရရှိဘဲ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးဦး အား လွှဲပြောင်းခြင်းမပြုရ၊ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါသည်။ |
| ၇၂။ | (ခ) | ငါးလုပ်ငန်းရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီး ရေလာများ ကိုအဟန့်အတားဖြစ်စေခြင်း သို့မဟုတ် ရေကိုညစ်ညမ်းစေခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊ | ၃၂။<br>(ခ) | မည်သူမျှ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူထံမှ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဦးစီးဌာန၏ ခွင့်ပြုချက် မရရှိဘဲလွှဲပြောင်းလက်ခံ၍ ငါးမွေးမြူခြင်းလုပ်ငန်း လုပ် ကိုင်ခြင်း မပြုရ။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါသည်။ |
| ၇၃။ | (ဂ) | ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ ခြင်း၊ | | | |
| ၇၄။ | (ဃ) | ဦးစီးဌာနကတားမြစ်သော ငါးကို မွေးမြူခြင်း။ | | | |

| | | | | | |
|---|---|---|---|---|---|
| ၇၅။ | ၃၀။ | လိုင်စင်ရရှိသူသည် - | | | |
| ၇၆။ | (က) | ဦးစီးဌာနကသတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ခြင်း မပြုရ၊ | ၃၃။<br>(က) | မည်သူမျှ -<br>ငါးမွေးမြူရေးရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတားဖြစ်စေခြင်း၊ ရေထုညစ်ညမ်းစေခြင်း သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းမပြုရ၊ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |
| ၇၇။ | (ခ) | ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ငါးမွေးကန်အား လွှဲပြောင်းခြင်း မပြုရ။ | ၃၃။<br>(ခ) | ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ တားမြစ်ထားသောငါးကို သားဖောက်ခြင်း၊ မွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲထားပါသည်။ |
| ၇၈။ | ၃၁ | **အခန်း (၉)**<br>**ပြစ်မှုနှင့်ပြစ်ဒဏ်များ**<br>မည်သူမဆို ပုဒ်မ၂၉ပါ ပြဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားငွေဒဏ်ကျပ် ၁၀၀၀၀အထိဖြစ်စေ၊ ထောင်ဒဏ် ၁နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေကျခံစေရမည်။ ထို့ပြင်ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံ ပစ္စည်းများ၊ ငါးများနှင့်ငါးမွေးကန်များကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်းခံရမည်။ | ၃၄။ | **အခန်း(၁၃)**<br>**ပြစ်မှုနှင့် ပြစ်ဒဏ်များ**<br>မည်သူမဆို ပုဒ်မ ၃၁ သို့မဟုတ် ၃၂ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကိုအနည်းဆုံးသုံးလမှ အများဆုံး တစ်နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင်၊ အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများ ဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |
| ၇၉။ | ၃၂ | လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ပါ ပြဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ်ကျပ်၅၀၀၀ အထိဖြစ် စေ၊ ထောင်ဒဏ် ၆လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေကျခံ စေရမည်။ ထို့ပြင် ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံ ပစ္စည်းများ၊ ငါးများနှင့် ငါးမွေးကန်များကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။ ထို့ပြင် ပြစ်မှုနှင့်သက် ဆိုင်သည့် သက်သေခံပစ္စည်းများနှင့် ငွေများကိုလည်း | ၃၅။ | မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို အနည်း ဆုံး ခြောက်လမှ အများဆုံး သုံးနှစ် အထိ ထောင်ဒဏ် ချမှတ်ရမည့် အပြင် အနည်းဆုံး ကျပ်သုံး သိန်းမှ အများဆုံး သိန်းသုံးဆယ်အထိ ငွေဒဏ် ချမှတ်နိုင် သည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | နိုင်ငံ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်းခံရမည်။ | | | |
| ၈၀။ | ၃၃ | ဤဥပဒေပါ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်း သတ်မှတ်ထားသည့်ပြစ်ဒဏ်၏ နှစ်ဆအထိကျခံစေရမည်။ | | | |
| | | **အခန်း (၁၀)**<br>**အထွေထွေ** | ၃၆။ | **အခန်း(၁၄)**<br>**အထွေထွေ**<br>ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်း ဆိုင်ရာ ဥပဒေ(ဥပဒေအမှတ်၊ ၂၄/၈၉) အရထုတ်ပေးခဲ့သည့် အငှားဂရန် သို့မဟုတ် လိုင်စင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး အဆိုပါခွင့်ပြုသက်တမ်း ကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေနှင့်အညီ လိုအပ်သော အငှားဂရန် သို့မဟုတ် လိုင်စင်ကို လျှောက်ထားရမည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |
| ၈၁။ | ၃၄။ | အစိုးရဌာနတစ်ခုခုနှင့်သက်ဆိုင်သည့် မြေ သို့မဟုတ် ငါးလုပ်ငန်း ရေပြင်တွင် ငါးမွေးမြူခြင်းကို ယင်းဌာနက လုပ်ကိုင်ဆောင်ရွက်သည့် ကိစ္စ၌ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ | ၃၇။ | အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့် သို့မဟုတ် အသုံးပြုသည့်မြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ငါးမွေးမြူခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ | ပြင်ဆင်၊<br>ဖြည့်စွက်ရေးဆွဲ<br>ထားပါသည်။ |
| ၈၂။ | ၃၅။ | ငါးအရှင်ကိုပြည်ပမှပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်သို့တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။ | | | |
| ၈၃။ | ၃၆။ | မိသားစုတစ်အိမ်ထောင် စားသုံးရန်အလို့ငှာ ရေပြင်၏ အရွယ်အစား (၂၅ပေX ၅၀ပေ) တစ်ကန်ထက်မပိုသော ငါးမွေးမြူခြင်းကို ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။ | ၃၈။ | မိသားစုတစ်အိမ်ထောင်စားသုံးရန်အလို့ငှာ ရေပြင်၏ အရွယ်အစား ၁၂၅၀စတုရန်းပေ၊ တစ်ကန်ထက် မပိုသော ငါးမွေးမြူခြင်းကို ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲထားပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | ၃၉။ | ငါးမွေးမြူခြင်းတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာများအတွက် ငါးဖမ်းကိရိယာလိုင်စင်ခ ကင်းလွတ်စေရမည်။ | |
| ၈၄။ | ၃၇။ | ဤဥပဒေအရ ဦးစီးဌာနကရရန်ရှိသော အငှားဂရန်ကြေး၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့်စပ်လျဉ်းသည့် ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။ | ၄၀။ (က) | ဦးစီးဌာနက ရရန်ရှိသောအငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးငွေများနှင့်စပ်လျဉ်းသည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့ သို့ မှတ်ယူ၍အရကောက်ခံရမည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါ သည်။ |
| | | | ၄၀။ (ခ) | ပုဒ်မခွဲ (က) ပါကိစ္စအလို့ငှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် တည်ဆဲဥပဒေများအရ အခွန်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိ စေရမည်။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| ၈၅။ | ၃၈။ | ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် လုပ်ကိုင်နေသော ငါးမွေးမြူခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ - | | | |
| ၈၆။ | ၃၈ (က) | ဦးစီးဌာနကသတ်မှတ်ပေးသည့် ကာလအတွင်း အချက်အလက် အပြည့် အစုံဖြင့် ဦးစီးဌာနသို့ တင်ပြရမည်၊ | | | |
| ၈၇။ | ၃၈(ခ) | ငါးမွေးမြူရန်ကိစ္စအလို့ငှာ၊ ၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ် ရေးအက်ဥပဒေပုဒ်မ ၃၉ ရရှိပြီးသူများ၊ အစိုးရဌာနတစ်ခုခုနှင့်သက် ဆိုင်သည့်မြေသို့မဟုတ် ငါးလုပ်ငန်းရေပြင်တွင် ယင်းဌာန၏ခွင့်ပြုချက်ရရှိပြီးသူများသည် ဦးစီးဌာနတွင် လိုင်စင်လျှောက်ထားရမည်၊ | | | |
| ၈၈။ | ၃၈(ဂ) | ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ) မှအပ တင်ပြလာသော ကိစ္စရပ် များကို စိစစ်ပြီးနောက် လိုအပ်သလို စီမံခန့်ခွဲနိုင်သည်၊ ညွှန်ကြားနိုင် သည်၊ | | | |
| ၈၉။ | ၃၈ (ဃ) | ဦးစီးဌာနသို့ ပုဒ်မခွဲ (က) အရ တင်ပြခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင် နေပါက ဥပဒေအရ အရေးယူခြင်းခံရမည်။ | | | |
| | | | ၄၁။ | ဦးစီးဌာနနှင့် စစ်ဆေးရေးမှူးတို့သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင်လိုအပ်ပါက သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင် သည်။ | အသစ် ရေးဆွဲထားပါ သည်။ |
| | | | ၄၂။ | ဤဥပဒေပုဒ်မ ၃၅ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော | အသစ် ရေးဆွဲ ထားပါ |

| | | | | | |
|---|---|---|---|---|---|
| | | | | ဖြစ်မှုများအဖြစ် သတ်မှတ်သည်။ | သည်။ |
| | | | ၄၃။ (က) | ငါးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတအရင်း အမြစ်များ ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲ နိုင်ရေးဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်တိုး တက်ရေး ဆောင်ရွက်ခြင်းတို့ကို ဦးစီးဌာနက ဆောင်ရွက် ခွင့်ရှိသည်၊ | အသစ် ရေးဆွဲ ထားပါ သည်။ |
| | | | ၄၃(ခ) | ငါးလုပ်ငန်းဆိုင်ရာသုတေသနနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းများကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက် ခွင့်ရှိသည်။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| | | | ၄၄။ | ဤဥပဒေအရပေးအပ်သော တာဝန်ကိုသဘောရိုးဖြင့် ဆောင် ရွက်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း သို့မဟုတ် အခြားနည်းဖြင့် အရေးယူခြင်း မပြုရ။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| | | | ၄၅။ | တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ချမှတ်သောအမိန့်သည် ဤဥပဒေကို ကျင့်သုံး၍ ဦးစီးဌာနကစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အရ ချမှတ်သည့်အမိန့် အပေါ် ထိခိုက်မှုမရှိစေရ။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| | | | ၄၆။ | ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ်၊ ၂၄/၈၉)အရ ထုတ်ပြန်ခဲ့သည့် အမိန့် ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။ | အသစ် ရေးဆွဲ ထားပါ သည်။ |
| ၉၀။ | ၃၉။ | ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် - | ၄၇။ | ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် - | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲထားပါ သည်။ |
| ၉၁။ | (က) | လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊ | (က) | ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း များနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊ | ပြင်ဆင်၊ ဖြည့်စွက်ရေး ဆွဲ ထားပါ သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၉၂။ | (ခ) | လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။ | (ခ) | ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |
| | | | ၄၈။ | ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊၂၄/၈၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ | ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲ ထားပါသည်။ |
| | | (ပုံ) စောမောင်<br>ဗိုလ်ချုပ်ကြီး၊<br>ဥက္ကဋ္ဌ၊<br>နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။ | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။<br><br>(ပုံ) ဝင်းမြင့်<br>နိုင်ငံတော်သမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | |